တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်

ဝုဿွူပြုလုပ်ရာ၌ (အစိတ်အပိုင်းများကို)နှစ်ကြိမ်စီဆေးကြောတော်မူခဲ့၏။

အဗ်ဒုလ္လာဟ်ဗင်န်ဇိုက်ဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဝုဿွူပြုလုပ်ရာ၌ (အစိတ်အပိုင်းများကို)နှစ်ကြိမ်စီ ဆေးကြောတော်မူခဲ့၏။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် တစ်ခါတစ်ရံ ဝုဿွူပြုရာတွင်အစိတ်အပိုင်းတိုင်းကို နှစ်ကြိမ်စီဆေးကြောတော်မူခဲ့သည်။ သို့ဖြစ်၍ မျက်နှာကိုနှစ်ကြိမ်ဆေးကြောတော်မူသည်။ (ယင်း၌ ပလုတ်ကျင်းခြင်း၊ နှာခေါင်းအတွင်းသို့ရေရှူသွင်းခြင်းတို့ ပါဝင်သည်။) ထို့နောက် လက်နှစ်ဘက်နှင့် ခြေထောက်နှစ်ဘက်ကိုနှစ်ကြိမ်စီဆေးကြောတော်မူသည်။

http://sunnah.global/hadeeth/my/show/65082